Australian Government
Department of Home Affairs

TRANSLATING AND INTERPRETING SERVICE

# မကြာခဏ မေးတတ်သော မေးခွန်းများ

## မြန်မာ

ဘာသာပြန်နှင့် စကားပြန် ဝန်ဆောင်မှု ဌာန (Translating and Interpreting Service (TIS National)) သည် အင်္ဂလိပ်စကား မပြောတတ်သောသူများအတွက် မေးနေကြ မေးခွန်းအချို့ကို ဖြေကြားပေးရန် ၎င်းတို့၏ကိုယ်ပိုင် ဘာသာစကားဖြင့် မကြာခဏ မေးတတ်သော မေးခွန်း အမျိုးမျိုးကို စီစဉ်ထုတ်လုပ်ပေးထားပါသည်။

**TIS National သည် မည်သည့် ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးသနည်း။**

TIS National သည် အင်္ဂလိပ်စကား မပြောတတ်သောသူများနှင့်တကွ အင်္ဂလိပ်စကား မပြောတတ်သော မိမိတို့၏ ဖောက်သည်များနှင့် ပြောဆိုဆက်သွယ်ရန်လိုအပ်သည့် အေဂျင်စီရုံးများနှင့်စီးပွားလုပ်ငန်းများအား စကားပြန်ဝန်ဆောင်မှုများကို ဆောင်ရွက်ပေးပါသည်။ ဤဝန်ဆောင်မှုများသည် အင်္ဂလိပ်စကား မပြောတတ်သောသူများအား ဩစတြေးလျ (Australia) နိုင်ငံရှိ ဝန်ဆောင်မှုများနှင့်သတင်းအချက်အလက်များကို မှီခိုကင်းစွာဖြင့် ရယူနိုင်ရန် ပံ့ပိုးပေးပါသည်။

TIS National သည် ဩစတြေးလျ (Australia) နိုင်ငံတစ်ဝန်းတွင် ဘာသာစကား 150 ကျော်အတွက် စကားပြန် 2500 ကျော်တို့အား ကန်ထရိုက်စာချုပ် ချုပ်ဆိုငှားရမ်းထားပါသည်။

အင်္ဂလိပ်စကား မပြောတတ်သောသူများသည် TIS National ကို ဖုန်း 131 450 ဖြင့်ခေါ်ခြင်းအားဖြင့် တယ်လီဖုန်းဖြင့်ပြောသည့် စကားပြန်အား ချက်ချင်း ရယူနိုင်ပါသည်။ တစ်နည်းအားဖြင့် သင်သည် အဖွဲ့အစည်းတစ်ခုသို့ တိုက်ရိုက်ဆက်သွယ်နိုင်ပြီး အဖွဲ့အစည်းသည် သင့်အတွက် စကားပြန်တစ်ဦး စီစဉ်ပေးမည်ဖြစ်သည်။

**ကျွန်ုပ် TIS National မှတစ်ဆင့် မည်သူ့ကိုဆက်သွယ်နိုင်ပါသနည်း။**

ပြည်ထဲရေး ဌာန (Department of Home Affairs) အပါအဝင်ဖြစ်သည့် အဖွဲ့အစည်းပေါင်း 60 000 ကျော်တို့သည် TIS National တွင် မှတ်ပုံတင်ထားကြပါသည်။ TIS National တွင် ပါဝင်သည့် အခြားဖောက်သည်အချို့မှာ-

- ပြည်နယ်နှင့် ပြည်ထောင်စု အစိုးရဌာနများ
- ဒေသဆိုင်ရာ ကောင်စီရုံးများ
- ဆေးဘက်ဆိုင်ရာနှင့် ကျန်းမာရေး ကုသပေးသူများ
- ဆေးဝါးဆိုင်ရာ ပညာရှင်များ
- ရေ မီး ဓါတ်ငွေ့ကုမ္ပဏီများ
- တယ်လီဖုန်းဆက်သွယ်ရေး ကုမ္ပဏီများ
- အရေးပေါ် ဝန်ဆောင်မှုဌာနများ
- ဥပဒေဆိုင်ရာ ဝန်ဆောင်မှုဌာနများ
- အခြေချနေထိုင်ရေးနှင့် အသိုင်းအဝိုင်း ဝန်ဆောင်မှု ဖြန့်ဖြူးဌာနများ ဖြစ်ကြပါသည်။

သင် ဆက်သွယ်လိုသည့် အဖွဲ့အစည်းသည် TIS National ထံမှ စကားပြန်အကူအညီဖြင့်ခေါ်သည့် ဖုန်းများကို လက်ခံ/လက်မခံ TIS National အနေဖြင့် အာမခံနိုင်မည် မဟုတ်ပါ။

**မည်သည့်အချိန်၌ TIS National ကို ကျွန်ုပ် ဖုန်းခေါ်နိုင်ပါသနည်း။**

TIS National သည် စကားပြန်ဝန်ဆောင်မှုများကို တစ်နှစ်တာ၏ နေ့တိုင်း 24 နာရီလုံး ဆောင်ရွက်ပေးပါသည်။

သင် ဆက်သွယ်မည့် အဖွဲ့အစည်းကို သူတို့၏ပုံမှန်ရုံးဖွင့်ချိန်အတွင်း၌သာလျှင် ဆက်သွယ်နိုင်ကောင်း ဆက်သွယ်နိုင်မည်ဖြစ်ပြီး အဖွဲ့အစည်းများအကြားတွင် ရုံးဖွင့်ချိန်များမှာ ကွဲပြားပါလိမ့်မည်။ ဩစတြေးလျ (Australia) နိုင်ငံရှိ အဖွဲ့အစည်းအများစုမှာ ပုံမှန်ရုံးဖွင့်ချိန်ဖြစ်သည့် နံနက် 9 နာရီ — 5 နာရီအတွင်း တနင်္လာနေ့မှ သောကြာနေ့အထိ လုပ်ငန်းလည်ပတ်ဆောင်ရွက်ပါသည်။ အဖွဲ့အစည်းအများအပြားကို အစိုးရရုံးပိတ်ရက်များတွင် ရရှိနိုင်လိမ့်မည် မဟုတ်ပါ။

**ကျွန်ုပ် 131 450 ကိုခေါ်သည့်အခါ ကျွန်ုပ် မည်သည့်အရာကို မျှော်လင့်ရပါသနည်း။**

1. TIS National ကို ဖုန်း 131 450 ဖြင့်ခေါ်ပါ။ သင်သည် TIS National ၏ သတင်းအချက်အလက် သီးခြားရှိရေး ကြေညာချက်ကို ကြားရပါလိမ့်မည်။
2. သင့်အား 'မည်သည့် ဘာသာစကားကို စကားပြန်က ပြောရလိမ့်မည်နည်း။' ဟု မေးပါလိမ့်မည်။ သင်၏ ဘာသာစကားကို ပြောပါ။
3. သင့်အား 'သင်သည် TIS National ၏ စီးပွားဆိုင်ရာဖောက်သည်တစ်ဦးလား' ဟုမေးပါလိမ့်မည်။ သင်သည် 'မဟုတ်ပါ' ဟုဖြေရလိမ့်မည်။
4. သင့်အား အင်္ဂလိပ်စကားပြောသည့် TIS National တယ်လီဖုန်း အော်ပရေတာသို့ လွှဲပေးပါလိမ့်မည်။ စောင့်ဆိုင်းနေစဉ် သင့်ဘာသာစကားဖြင့် 'တယ်လီဖုန်း အော်ပရေတာကို ကျွန်ုပ်တို့ဆက်သွယ်နေစဉ် ကျေးဇူးပြု၍ စောင့်ဆိုင်းပေးပါ' ဟုပြောသည်ကို သင် ကြားပါလိမ့်မည်။
5. TIS National တယ်လီဖုန်း အော်ပရေတာသည် သင့်ဘာသာစကားကို နောက်ထပ်တစ်ခါ အတည်ပြုပါလိမ့်မည်။
6. TIS National တယ်လီဖုန်း အော်ပရေတာသည် စကားပြန်ကိုခေါ်ရန် သင့်အား စောင့်ဆိုင်းခိုင်းလိမ့်မည်ဖြစ်ပြီး သင့်ဘာသာစကားဖြင့် 'စကားပြန်ကို ကျွန်ုပ်တို့ ဆက်သွယ်နေစဉ် ကျေးဇူးပြု၍ စောင့်ဆိုင်းပါ' ဟု သင် ကြားရပါလိမ့်မည်။ အကယ်၍ သင့် ဘာသာစကားပြောသည့် စကားပြန်တစ်ဦးကို ရရှိလျှင် TIS National တယ်လီဖုန်း အော်ပရေတာသည် သင့်အား စကားပြန်နှင့်ချိတ်ဆက်ပေးလိမ့်မည်ဖြစ်ပြီး ဘယ်အဖွဲ့အစည်းအား သင် ဆက်သွယ်လိုပါသလဲဟု မေးမြန်းပါလိမ့်မည်။
    - သင်သည် TIS National အား ဖုန်းခေါ်ဆိုသည့်အခါ ကျေးဇူးပြု၍ အဖွဲ့အစည်း၏အမည်၊ ဆက်သွယ်ရမည့်သူတို့၏ ဖုန်းနံပါတ်နှင့် အဖွဲ့အစည်းနှင့်လုပ်ထားသည့် သင်၏ ဝန်ဆောင်မှုရယူသူနံပါတ် သို့မဟုတ် စာရင်းနံပါတ် (အကယ်၍ရှိလျှင်) တို့ကို အဆင်သင့်လုပ်ထားပါ။
    - စကားပြန်မှ သင် မည်သူ့ထံ ဆက်သွယ်ရန်လိုအပ်ကြောင်းကို TIS National တယ်လီဖုန်း အော်ပရေတာအား ပြောပါလိမ့်မည်။ ယင်းနောက် အော်ပရေတာသည် ဖုန်းဆက်ခေါ်ပြီး သင်နှင့်စကားပြန်ကို တောင်းဆိုထားသည့် အဖွဲ့အစည်းနှင့်ချိတ်ဆက်ပေးပါလိမ့်မည်။
- အကယ်၍ သင့် ဘာသာစကားပြောသည့် စကားပြန်တစ်ဦး မရရှိနိုင်လျှင် မကြာခင် ပြန်ခေါ်ပါဟု အော်ပရေတာက သင့်အား ပြောပါလိမ့်မည်။ အကယ်၍ သင်သည် ဘာသာစကား တစ်ခုထက်ပို၍ပြောတတ်လျှင် နောက်ထပ် ဘာသာစကားတစ်ခုပြောသည့် စကားပြန်တစ်ဦးကို သင် တောင်းဆိုနိုင်သည်။

**ကျွန်ုပ် မည်သည့် အဖွဲ့အစည်းကို စကားပြောသင့်ကြောင်း TIS National တယ်လီဖုန်း အော်ပရေတာ သို့မဟုတ် စကားပြန်က အကြံပြုနိုင်ပါသလား။**

မပြုနိုင်ပါ။ TIS National အော်ပရေတာများသည် ဘက်မလိုက်ဘဲ သမာသမတ်ကျကျနေရမည်ဖြစ်ပြီး သင် မည်သည့်အဖွဲ့အစည်းကို ဆက်သွယ်သင့်ကြောင်း အကြံဉာဏ် မပေးနိုင်ပါ။ သင် စကားပြန်နှင့်ချိတ်ဆက်မိသည့်အခါ စကားပြန်များသည် စကားပြန်တာဝန် ထမ်းဆောင်နေစဉ်အတွင်း ဘက်မလိုက်ဘဲ သမာသမတ်ကျကျနေရန် သတ်မှတ်ထားသဖြင့် သင်နှင့် အလွတ်သဘော စကားပြောဆိုလိမ့်မည် မဟုတ်ပါ။

သင်သည် TIS National အားဖုန်းခေါ်သည့်အခါ ကျေးဇူးပြု၍ အဖွဲ့အစည်း၏အမည်၊ သူတို့၏ ဆက်သွယ်ရမည့် ဖုန်းနံပါတ်နှင့် အဖွဲ့အစည်းနှင့်လုပ်ထားသည့် သင်၏ ဝန်ဆောင်မှုရယူသူနံပါတ် သို့မဟုတ် စာရင်းနံပါတ် (အကယ်၍ရှိလျှင်) တို့ကို အဆင်သင့်လုပ်ထားပါ။

**ကျွန်ုပ်အား ချိတ်ဆက်ပေးသည့် စကားပြန်ကို ကျွန်ုပ်သိနေလျှင် ဘာလုပ်ရမည်နည်း။**

အကယ်၍ သင် သိသည့်စကားပြန်တစ်ဦးဖြစ်ကြောင်း သင် သတိပြုမိလျှင် စကားပြန်ကိစ္စကို ဆက်လုပ်လိုသည်/မလုပ်လိုသည်မှာ သင်၏ဆုံးဖြတ်ချက်ဖြစ်ပါသည်။ အကယ်၍ သင်သည် ၎င်းစကားပြန်နှင့် ဆက်မလုပ်လိုလျှင် TIS National တယ်လီဖုန်း အော်ပရေတာအား သို့မဟုတ် အဖွဲ့အစည်းအား ပြောပြီး ဖုန်းကို အဆက်ဖြတ်ပါ။

**အမျိုးသား သို့မဟုတ် အမျိုးသမီး စကားပြန်ကို ကျွန်ုပ် တောင်းဆိုနိုင်ပါသလား။**

တောင်းဆိုနိုင်ပါသည်။ အကယ်၍သင်သည် အမျိုးသားစကားပြန် သို့မဟုတ် အမျိုးသမီးစကားပြန်ကို ဦးစားပေးရယူလိုလျှင် TIS National တယ်လီဖုန်း အော်ပရေတာကိုဖြစ်စေ သို့မဟုတ် သင် ဆက်သွယ်မည့်အဖွဲ့အစည်းကိုဖြစ်စေ အမြန်ဆုံး ပြောပါ။ TIS National သည် သင်တောင်းဆိုသည့် အမျိုးသားစကားပြန် သို့မဟုတ် အမျိုးသမီးစကားပြန်ကို သင့်အား ပေးအပ်ရန် ကြိုးစားပါလိမ့်မည်။

**သီးခြား ဘာသာရေးဆိုင်ရာ သို့မဟုတ် ယဉ်ကျေးမှုဆိုင်ရာ နောက်ခံရှိသော စကားပြန် တစ်ဦးကို ကျွန်ုပ် တောင်းဆိုနိုင်ပါသလား။**

မတောင်းဆိုနိုင်ပါ။ TIS National တယ်လီဖုန်း အော်ပရေတာသည် သင့်အနေဖြင့် အရည်အချင်းအရှိဆုံး စကားပြန်တစ်ဦးရရှိရန် ဘာသာပြန်သူများနှင့် စကားပြန်များအတွက် သူတို့၏ နိုင်ငံလုံးဆိုင်ရာ အောင်လက်မှတ် ချီးမြှင့်ရေး အာဏာပိုင် ) National Accreditation Authority for Translators and Interpreters (NAATI) (https://www.naati.com.au/) အောင်လက်မှတ် (အရည်အချင်း) အဆင့်နှင့် ရရှိနိုင်မှုအပေါ် အခြေခံ၍ စကားပြန်များအား အလုပ်များကို ချအပ်ပေးသည်။ TIS National သည် ယဉ်ကျေးမှုဆိုင်ရာ သို့မဟုတ် ဘာသာရေးဆိုင်ရာ နောက်ခံကို အခြေခံ၍ စကားပြန်များကို အလုပ်ခွဲဝေ မချပေးနိုင်ပါ။

**ကျွန်ုပ်သည် စကားပြန်နှင့်လူချင်းတွေ့ပြီး အသုံးပြုလိုသည်။ ဖြစ်နိုင်ပါသလား။**

ဖြစ်နိုင်ပါသည်။ TIS National သည် လုပ်ငန်းနေရာအထိ စကားပြန်ပေးသည့် ဝန်ဆောင်မှုများကို လုပ်ပေးပါသည်။ အကယ်၍ သင်သည် လုပ်ငန်းနေရာအထိ လာရောက်ဆောင်ရွက်ပေးသည့် စကားပြန်တစ်ဦးကိုလိုအပ်လျှင် TIS National တယ်လီဖုန်း စကားပြန်ကိုသုံး၍ သင် ဆက်သွယ်လိုသည့် အဖွဲ့အစည်းအား ဆက်သွယ်သင့်ပြီး သူတို့အား သင့်အတွက် လုပ်ငန်းနေရာအထိ လာရောက်ဆောင်ရွက်ပေးသည့် စကားပြန်တစ်ဦးကို စီစဉ်ပေးရန် ပြောဆိုပါ။

**ကျွန်ုပ်သည် အရေးပေါ် ဝန်ဆောင်မှုများဌာနကို ဆက်သွယ်ရန် လိုအပ်သည်။ ကျွန်ုပ် ဘာလုပ်သင့်ပါသလဲ။**

အရေးပေါ် လူနာတင်ယာဉ်၊ ရဲ သို့မဟုတ် မီးသတ် ဝန်ဆောင်မှုဌာနကို ဆက်သွယ်လိုလျှင်  သင် အမြဲတမ်း ဖုန်းနံပါတ် 000 ကို တိုက်ရိုက်ခေါ်ပါ။ 000 အရေးပေါ်ဝန်ဆောင်မှုများဖုန်းလိုင်းသည် TIS National အား ခေါ်လိမ့်မည်ဖြစ်ပြီး သင့်အား တစ်နှစ်ပတ်လုံး တစ်နေ့လျှင် 24 နာရီ၊ တစ်ပတ်လျှင် 7 ရက် ဦးစားပေးလိုင်းကို အသုံးပြု၍ စကားပြန်နှင့် ချိတ်ဆက်ပေးလိမ့်မည်။

**အင်္ဂလိပ်စကား မပြောတတ်သောသူများအတွက် TIS National ဝန်ဆောင်မှုများသည် အခမဲ့ ဖြစ်ပါသလား။**

ဟုတ်ပါသည်။ အင်္ဂလိပ်စကား မပြောတတ်သောသူများအတွက် TIS National စကားပြန် ဝန်ဆောင်မှု အများစုမှာ အခမဲ့ ဖြစ်ပါသည်။ ယေဘုယျအားဖြင့် သင် ဆက်သွယ်နေသည့်အဖွဲ့အစည်းများသည် ဝန်ဆောင်မှုအတွက် ကျသင့်ခများကို ပေးပါလိမ့်မည်။ အချို့ အဖွဲ့အစည်းများနှင့် ဆေးကုသသည့် ဆရာဝန်များသည် TIS National မှတစ်ဆင့် အခမဲ့ စကားပြန်ပေးမှုကို ရထိုက်ပါသည်။

အချို့အဖွဲ့အစည်းများသည် TIS National မှ ဖုန်းခေါ်မှုများကို လက်မခံကောင်း လက်မခံနိုင်သော်လည်း အကယ်၍ သင်သည် အဖွဲ့အစည်းအား တိုက်ရိုက်ဖုန်းခေါ်လျှင် သူတို့သည် သင့်အား ဖုန်းစကားပြန်တစ်ဦးဖြင့် ဖုန်းပြန်ခေါ်နိုင်ပါသည်။

အကယ်၍ အဖွဲ့အစည်းတစ်ခုကို သင် ဆက်သွယ်ရန်လိုအပ်ပြီး ၎င်းအဖွဲ့အစည်းမှာ TIS National ၏ဖောက်သည်မဟုတ်ပါက ဝန်ဆောင်မှုအတွက် ကျသင့်ခကို မပေးလိုလျှင် သင်သည် ကိုယ်ပိုင်စာရင်းတစ်ခုဖွင့်ပြီး ဝန်ဆောင်မှုအတွက် ကျသင့်ခကို မိမိကိုယ်တိုင်ပေးရန် သင် ရွေးချယ်ကောင်း ရွေးချယ်နိုင်သည်။ ဤသို့လုပ်ရန် စကားပြန်ကိုပြောပါ။ TIS National  တယ်လီဖုန်းအော်ပရေတာသည် သင့်အား စာရင်းတစ်ခု ဖွင့်ပေးရန် ကူညီပေးပါလိမ့်မည်။ သင်သည် ကိုယ်ပိုင်စာရင်းတစ်ခုဖွင့်ရန် ခရက်ဒစ်ကတ် (credit card) လိုပါလိမ့်မည်။

**TIS National မှတစ်ဆင့် ကျွန်ုပ် စာရွက်စာတမ်းများကို ဘာသာပြန်ဆိုနိုင်ပါသလား။**

မပြန်ဆိုနိုင်ပါ။ TIS National သည် စီးပွားဆိုင်ရာ ဘာသာပြန် ဝန်ဆောင်မှုများကို မလုပ်ပေးပါ။

ပြည်ထဲရေးဌာန (Department of Home Affairs) သည် ဩစတြေးလျနိုင်ငံ၌ ရာသက်ပန် အမြဲအခြေချ နေထိုင်မည့်သူများအတွက် စာရွက်စာတမ်းများအား အခမဲ့ဘာသာပြန်ဝန်ဆောင်မှုကို ဆောင်ရွက်ပေးပါသည်။ အမြဲတမ်း နေထိုင်သူများနှင့် ရွေးချယ်ထားသည့် ယာယီ သို့မဟုတ် ခေတ္တဗီဇာကိုင်ဆောင်ထားသူများသည် ၎င်းတို့ဗီဇာသက်တမ်း၏ ပထမ နှစ်နှစ်အတွင်း စာရွက်စာတမ်း ဆယ်ခုအထိ အင်္ဂလိပ်ဘာသာဖြင့် ဘာသာပြန်ဆိုနိုင်ပါသည်။

အခမဲ့ ဘာသာပြန် ဝန်ဆောင်မှုနှင့်ပတ်သက်သော အချက်အလက်များကို ပြည်ထဲရေးဌာန ဝက်ဘ်ဆိုက် (https://translating.homeaffairs.gov.au/en) တွင် ရရှိနိုင်ပါသည်။

အခြားဘာသာပြန်ဆိုမှုဆိုင်ရာ  ရွေးချယ်ရန် နည်းလမ်းများနှင့်ပတ်သက်၍ အကြောင်းအချက်အလက်များကို နိုင်ငံလုံးဆိုင်ရာ ဘာသာပြန်ဆိုသူများနှင့် စကားပြန်များအတွက် အောင်လက်မှတ်ချီးမြှင့်ရေး အာဏာပိုင် (National Accreditation Authority for Translators and Interpreters (NAATI) (https://www.naati.com.au/) အား ဆက်သွယ်ခြင်းဖြင့် သင် ရှာဖွေနိုင်ပါသည်။

**တယ်လီဖုန်း စကားပြန်တစ်ဦးအား ရယူရန် အထောက်အကူပြုမည့် အရင်းအမြစ်များကို ပံ့ပိုးပေးပါသလား။**

ပံ့ပိုးပေးပါသည်။ TIS National သည် အင်္ဂလိပ်စကား မပြောတတ်သူများအတွက် စကားပြန်တစ်ဦး ရယူရေးကို ပံ့ပိုးပေးရန် အမျိုးမျိုးသော ဘာသာပြန်ဆိုထားသည့် အရင်းအမြစ်များကို ပေးအပ်ထားပါသည်။ အင်္ဂလိပ်စကား မပြောတတ်သူများအတွက် ရရှိနိုင်သော အရင်းအမြစ်များကို ကြော်ငြာပစ္စည်းများ လမ်းညွှန်စာရင်းတွင် (promotional materials catalogue) (https://www.tisnational.gov.au/About-TIS-National/Materials-to-help-you-access-an-interpreter) တွင် ကြည့်ရှုနိုင်ပါသည်။

**TIS National တွင် အသုံးဝင်သည့် ဗီဒီယိုများ ရှိပါသလား။**

ရှိပါသည်။ TIS National သည် ကျွန်ုပ်တို့၏ ဝန်ဆောင်မှုများကို ဖောက်သည်များ အသုံးပြုရာ၌ အထောက်အကူပြုရန် ညွှန်ကြားရေးဆိုင်ရာ ဗီဒီယိုများ (instructional videos) ကို (https://www.tisnational.gov.au/Help-using-TIS-National-services/Videos) တွင် ဖော်ပြထားပါသည်။

**TIS National စကားပြန်တစ်ဦး၏ အခန်းကဏ္ဍသည် မည်သည်နည်း။**

စကားပြန်၏အခန်းကဏ္ဍမှာ ပြောဆိုသည့်စကားများကို သင့်ဘာသာစကားဖြင့် အတတ်နိုင်ဆုံး တိကျစွာ စကားပြန်ရန်ဖြစ်သည်။

စကားပြန်များသည် အကြံဉာဏ် မပေးပါ။ ၎င်းအပြင် TIS National အော်ပရေတာ သို့မဟုတ်  သင် ဆက်သွယ်ပြောဆိုနေသည့်သူမှ မေးခိုင်းသည်မှလွဲ၍ မေးခွန်းများ မမေးရပါ။

TIS National စကားပြန်များသည် တင်းကျပ်သည့် ကျင့်ဝတ်ရေးရာ လုပ်ထုံးတစ်ခုကို လိုက်နာရသည်။ ကျင့်ဝတ်လုပ်ထုံးသည် သူတို့၏ အတတ်ပညာပိုင်းဆိုင်ရာ အပြုအမူကို စည်းကြပ်ကွပ်ကဲထားပြီး မြောက်မြားစွာသော တာဝန်များကို ခြုံငုံထားပါသည်၊ ၎င်းတွင်ပါဝင်သည်များမှာ-

- အတတ်ပညာရှင်ဆိုင်ရာ လုပ်ရပ်
- လျှို့ဝှက်ထားရှိခြင်း
- တတ်ကျွမ်းမှု
- ဘက်လိုက်ကင်းမှု
- တိကျမှု
- အခန်းကဏ္ဍနယ်ပယ်၏ ရှင်းလင်းပြတ်သားမှု
- ပညာရှင်ဆန်သော ဆက်ဆံရေးကို ထိန်းသိမ်းထားရေး
- ပညာရှင်ဆန်သော ပညာအရည်အချင်းတိုးမြှင့်ရေး
- ပညာရှင်ဆန်သော စည်းလုံးညီညွတ်မှုရှိရေး တို့ဖြစ်ပါသည်။

ကျင့်ဝတ်များဆိုင်ရာ လုပ်ထုံးနှင့်စပ်လျဉ်း၍ အချက်အလက်များကို ဩစတြေးလျနိုင်ငံ စကားပြန်များနှင့် ဘာသာပြန်များ အသင်းအဖွဲ့ (Australian Institute of Interpreters and Translators (AUSIT) ဝက်ဘ်ဆိုက် - (https://ausit.org/code-of-ethics/) တွင်

ရရှိနိုင်ပါသည်။

**စကားပြန်တစ်ဦးကို အထိရောက်ဆုံး ကျွန်ုပ် မည်သို့ အသုံးပြုသင့်ပါသလဲ။**

သင့်အနေဖြင့် TIS National စကားပြန်တစ်ဦးကို အထိရောက်ဆုံး အောက်ပါနည်းများဖြင့် အသုံးပြုနိုင်သည် -

- TIS National ကို ဖုန်းမခေါ်မီ ဖုန်းခေါ်မှုအတွက် လိုအပ်သည့်အချက်အလက်အားလုံးကို အဆင်သင့်ပြင်ဆင်ထားခြင်း
- နောက်တစ်ကြိမ်စကားမပြောမီ စိတ်ရှည်ရှည်ထားပြီး စကားပြန် စကားပြောဆိုပြီးသည်အထိ စောင့်ပေးခြင်း
- ဝါကျတိုတိုသုံး၍ ပြောဆိုခြင်း
- ဘာသာပြန်ရန် ခက်ခဲကောင်း ခက်ခဲနိုင်သည့် ဗန်းစကား သို့မဟုတ် ပညာရပ်အသုံးအနှုန်းတို့ကို အသုံးပြုခြင်းမှ ရှောင်ရှားခြင်း
- စကားပြန်၏အခန်းကဏ္ဍကို နားလည်ပေးခြင်း
- စကားပြန်ထံမှ အကြံဉာဏ် တောင်းရန် သို့မဟုတ် သင့်ကိုယ်စားပြောဆိုပေးရန် မတောင်းဆိုခြင်း
- အကယ်၍ စကားပြန်ကို နားလည်ရန် အခက်အခဲဖြစ်နေလျှင် စကားပြန်၊ အဖွဲ့အစည်း သို့မဟုတ် TIS National သို့ ချက်ချင်း အကြောင်းကြားပေးခြင်း

**TIS National သို့ တုံ့ပြန်သဘောထားကို ကျွန်ုပ် မည်ကဲ့သို့ပေးရမည်နည်း။**

TIS National သည် ပြည်ထဲရေးဌာနရှိ ဘာသာစကားဝန်ဆောင်မှု ထောက်ပံ့ပေးသည့်ဌာနဖြစ်သည်။ ကမ္ဘာ့လုံးဆိုင်ရာတုံ့ပြန်ချက်လက်ခံရေးဌာနစိတ် (GFU) (https://www.homeaffairs.gov.au/help-and-support/departmental-forms/online-forms/complaints-compliments-and-suggestions) သည် TIS National မှ ထောက်ပံ့ပေးသောဝန်ဆောင်မှုများအပါအဝင် ဌာနအသီးသီးမှ တုံ့ပြန်ချက်များအားလုံးကို လက်ခံရာ ဗဟိုချက်ဖြစ်သည်။

TIS National တွင် ကျွန်ုပ်တို့၏သုံးစွဲသူများထံမှ တုံ့ပြန်ချက်များသည် ကျွန်ုပ်တို့၏ လုပ်ဆောင်ချက်များ တိုးတက်လာစေရန် အထောက်အကူပြုပြီး ယုံကြည်စိတ်ချရ၍ စရိတ်သက်သာသည့်အပြင် စိတ်ချရသော ဘာသာစကားဝန်ဆောင်မှုများ ထောက်ပံ့ပေးခြင်းဖြင့် အစိုးရ၊ စီးပွားရေးလုပ်ငန်းများနှင့် ရပ်ရွာအသိုက်အဝန်းများထံ ကျွန်ုပ်တို့ပံ့ပိုးပေးနေသော စကားပြန်ဝန်ဆောင်မှုအရည်အသွေးများကို မြှင့်တင်ပေးသည့်အတွက် ၎င်းတို့ကိုကျွန်ုပ်တို့ တန်ဖိုးထားပါသည်။

အင်္ဂလိပ်ဘာသာစကားအနည်းငယ်သာတတ်ကျွမ်းသော သို့မဟုတ် အင်္ဂလိပ်ဘာသာစကားမတတ်ကျွမ်းသော TIS National အသုံးပြုသူများသည် TIS National ဝန်ဆောင်မှုများနှင့်ပတ်သက်သည့် တုံ့ပြန်ချက်များကို အွန်လိုင်း သို့မဟုတ် တယ်လီဖုန်းမှတစ်ဆင့် တင်ပြနိုင်ပါသည်။ အွန်လိုင်းမှတုံ့ပြန်ချက်ပေးရန် ကျေးဇူးပြု၍ ဌာန၏ ချီးမွမ်းစကားများ၊ တိုင်ကြားချက်များနှင့် အကြံပြုချက်များကို ဝင်ကြည့်ပါ (https://www.homeaffairs.gov.au/help-and-support/departmental-forms/online-forms/complaints-compliments-and-suggestions). သင့်အနေဖြင့် စကားပြန်တစ်ဦးလိုအပ်ပါက ကျေးဇူးပြု၍ TIS National ဖုန်း 131 450 သို့ ခေါ်ဆိုပြီး TIS National နှင့်ပတ်သက်၍ တုံ့ပြန်ချက် ပေးလိုကြောင်း အော်ပရေတာကို ပြောပါ။ ကျွန်ုပ်တို့၏ အော်ပရေတာများမှ သင်၏တုံ့ပြန်ချက်ကို မှတ်တမ်းယူထားပြီး အရေးယူဆောင်ရွက်ရန်အတွက် TIS National မှ သက်ဆိုင်ရာအဖွဲ့ထံသို့ လွှဲပြောင်းပေးသွားမည်ဖြစ်သည်။

**ကျွန်ုပ်သည် မိသားစု အကြမ်းဖက်မှုကို ဆွေးနွေးရန်အတွက် စကားပြန်တစ်ဦး အသုံးပြုရန် လိုအပ်သည်။ ကျွန်ုပ်အား အထောက်အကူပြုရန် အရင်းအမြစ် တစ်ခုခု ရှိပါသလား။**

ဩစတြေးလျနိုင်ငံ အစိုးရသည် အိမ်တွင်းနှင့်မိသားစု အကြမ်းဖက်မှု၊ လိင်ပိုင်းဆိုင်ရာ လက်ရောက်မှုနှင့် အတင်းအကျပ် ထိမ်းမြားခြင်းနှင့် ဘေးကင်းလုံခြုံရန် အမျိုးသမီးတစ်ဦး၏ အခွင့်အရေးတို့နှင့်သက်ဆိုင်သည့် ဩစတြေးလျနိုင်ငံ ဥပဒေပါ အချက်အလက်များ ပါရှိသည့် မိသားစု ဘေးကင်းလုံခြုံရေးစာတွဲ (Family Safety Pack) ကို ထုတ်လုပ်ပေးခဲ့ပါသည်။ အဆိုပါ စာတွဲ၌ ဘာသာစကား 46 မျိုးဖြင့် ဘာသာပြန်ဆိုထားသည့် အချက်အလက်စာရွက် လေးရွက်နှင့် ဖတ်လမ်းဖတ်ကွက်များ ပါရှိပါသည်။ မိသားစု ဘေးကင်းလုံခြုံရေး စာတွဲ (https://www.dss.gov.au/family-safety-pack) ကို လူမှုဖူလုံရေး ဝန်ဆောင်မှုဌာန (Department of Social Services) ဝက်ဘ်ဆိုက်တွင် ရရှိနိုင်ပါသည်။

မိသားစု ဘေးကင်းလုံခြုံရေး စာတွဲမှာ အိမ်တွင်းအကြမ်းဖက်မှု အခြေအနေများတွင် စကားပြန်များ၏ အခန်းကဏ္ဍနှင့် တာဝန်ဝတ္တရားများကို သတိထားရန် ရည်ရွယ်၍ အိမ်တွင်း အကြမ်းဖက်မှု အခြေအနေများ စကားပြန်ခြင်း (Interpreting in domestic violence situations) (https://www.dss.gov.au/women-programs-services-reducing-violence-family-safety-pack/interpreting-in-domestic-violence-situations) နှင့် စကားပြန်များနှင့် မိသားစု ဘေးကင်းလုံခြုံရေး (Interpreters and family safety) (https://www.dss.gov.au/women-programs-services-reducing-violence-family-safety-pack/interpreters-and-family-safety) အချက်အလက်များဖြင့် ပြီးပြည့်စုံအောင်လုပ်ထားပါသည်။

**ကျွန်ုပ်သည် အင်္ဂလိပ်ဘာသာစကား အခမဲ့လေ့လာရန် သတ်မှတ်ချက် ပြည့်မီပါသလား။**

အရွယ်ရောက်ရွှေ့ပြောင်းနေထိုင်သူများအတွက် အင်္ဂလိပ်စာအစီအစဉ် (AMEP) မှ သတ်မှတ်ချက်ပြည့်မီသော ရွှေ့ပြောင်း နေထိုင်သူများအား ဩစတြေးလျ ရပ်ရွာအသိုက်အဝန်းတွင် အခြေချနေထိုင်ရန်နှင့် ပူးပေါင်းပါဝင်ရန်အတွက် ကူညီပေးရန် ၎င်းတို့ကို အခမဲ့အင်္ဂလိပ်စာသင်တန်း (https://immi.homeaffairs.gov.au/settling-in-australia/amep/about-the-program) ပေးပါသည်။

AMEP သည် မိသားစုထဲမှ အသက် 18 နှစ်အထက် ရွှေ့ပြောင်းနေထိုင်သူ များ၊ အမြဲနေထိုင်ခွင့်ဗီဇာများအပြင် ယာယီဗီဇာ ကိုင်ဆောင်ထားသူများ ပါဝင်သည့် ကျွမ်းကျင်ရွှေ့ပြောင်းလုပ်သားဗီဇာနှင့် လူသားချင်းစာနာထောက်ထား ရေးဗီဇာကိုင် ဆောင်သူများအတွက် ရရှိနိုင်ပါသည်။ သတ်မှတ်ချက်ပြည့်မီသော ဗီဇာများပေါ်တွင် မှီခိုနေသူများ လေ့လာနိုင်ပြီး အသက် 15-17 နှစ်ရှိသော ရွှေ့ပြောင်းနေထိုင်သူများသည်လည်း အချို့အခြေအနေများတွင် ပါဝင်နိုင်ပါသည်။ ကျောင်းနေအသက်အရွယ်အောက် ကလေးငယ်များရှိသော လူများသည် လူကိုယ်တိုင်တက်ရောက်ရသည့် သင်တန်းများအတွက် အခမဲ့ကလေး စောင့်ရှောက်ရေး ဝန်ဆောင်မှု ရရှိနိုင်ပါသည်။

AMEP တွင် သင် အင်္ဂလိပ်စာ သင်ယူနိုင်အောင် ကူညီပေးရန်အတွက် လူကိုယ်တိုင်တက်ရောက်ရသည့် (COVID-safe) သင်တန်းများ၊ အွန်လိုင်းသင်တန်းများ၊ စေတနာရှင်ဆရာ အစီအစဉ်နှင့် အဝေးမှသင်ကြားရေးတို့အပါအဝင် ပြောင်းလွယ်ပြင်လွယ်ရှိသော သင်ကြားရေးဆိုင်ရာ ရွေးချယ်စရာအများအပြားရှိပါသည်။ သင်နေထိုင်ရာနေရာပေါ်မူတည်၍ အချိန်ပြည့်၊ အချိန်ပိုင်း၊ ညနေပိုင်း သင်တန်းများနှင့် စနေတနင်္ဂနွေ သင်တန်းများ ရရှိနိုင်ပါသည်။

အခမဲ့အင်္ဂလိပ်စာသင်ကြားရေး မည်သို့စတင်ရမည်ကို သိရှိရန် သင်နှင့်အနီးဆုံး AMEP ထောက်ပံ့သူ (https://immi.homeaffairs.gov.au/settling-in-australia/amep/service-providers) ကို ဆက်သွယ်ပါ သို့မဟုတ် www.homeaffairs.gov.au/amep တွင် ဝင်ရောက်ကြည့်ရှုပါ